THE WORLD BANK
IBRD • IDA | WORLD BANK GROUP

**NEWS RELEASE**

---

# ကမ္ဘာ့ဘဏ်သည် ထိုင်းနိုင်ငံ နှင့် မြန်မာနိုင်ငံဆိုင်ရာ ဌာနေညွှန်ကြားရေးမှူးအဖြစ် မယ်လင်ဒါဂွတ်ဒ်အား တာဝန်ပေးအပ်လိုက်သည်

**ဘန်ကောက် ၊ ၁ ဇူလိုင် ၂၀၂၄ -** ကမ္ဘာ့ဘဏ်သည် မယ်လင်ဒါဂွတ်ဒ်အား ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံဆိုင်ရာ ဌာနေညွှန်ကြားရေးမှူး အဖြစ် ယနေ့မှ စတင် တာဝန်ထမ်းဆောင်ရန် ခန့်အပ်လိုက်သည်။ ထိုင်းနှင့် မြန်မာ နှစ်နိုင်ငံလုံးအတွက် အရေးကြီးသည့် အချိန်အခါသမယတွင် ထိုတာဝန်ကို ပေးအပ်လိုက်ခြင်း ဖြစ်သည်။

၂၀၂၆ ခုနှစ်တွင် ထိုင်းနိုင်ငံသည် ကမ္ဘာ့ဘဏ်အုပ်စု နှင့် နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ တို့၏ နှစ်ပတ်လည် အစည်းအဝေးများကို လက်ခံကျင်းပရန် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ထိုင်းနိုင်ငံသည် ယခုနှစ်တွင် ကမ္ဘာ့ဘဏ်အဖွဲ့ဝင် နိုင်ငံအဖြစ် ဝင်ရောက်ခဲ့သည့် ၇၅ နှစ်ပြည့် အထိမ်းအမှတ်အဖြစ် နှစ်ပေါင်း ၇၀ ကျော်တိုင်တိုင် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်မှုအား ဂုဏ်ပြု ဆင်နွှဲနေချိန်လည်း ဖြစ်သည်။

မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်စဉ်မှာမူ အနည်းငယ် ထွေပြားပါသည်။ ပြီးခဲ့သည့်နှစ်များအတွင်း အခက်အခဲနှင့် ပဋိပက္ခ ပေါင်းစုံဖြင့် ဖွံ့ဖြိုးတိုးတက်မှုများ နောက်ပြန်ဆုတ်သွားခဲ့ကြောင်း တွေ့မြင်ခဲ့ကြရသည်။

ယခု ညွှန်ကြားရေးမှူးအသစ်သည် ကမ္ဘာ့ဘဏ်၏ ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံဆိုင်ရာ လုပ်ငန်း အစီအစဉ်များကို ကြီးကြပ် သွားမည်ဖြစ်ပြီး အဖွဲ့၏ မူဝါဒရေးရာ ဆွေးနွေးတိုင်ပင်မှုများကို အရပ်ဘက်လူမှုအဖွဲ့များ ၊ ပညာရှင်များ ၊ ပုဂ္ဂလိက ကဏ္ဍ၊ အခြား မိတ်ဖက်အဖွဲ့စည်းများနှင့် စဉ်ဆက်မပြတ် ဆက်လက် ဦးစားပေး လုပ်ဆောင်သွားပါမည်။

ထိုင်းနိုင်ငံ နှင့် ဘဏ္ဍာနှစ် ၂၀၂၅ - ၂၀၂၉ ခုနှစ် မိတ်ဖက် မူဘောင်သစ် (Country Partnership Framework) အကောင်အထည်ဖော်ခြင်းကို အလေးထား လုပ်ဆောင်သွားမည်ဖြစ်သည်။ အဆိုပါ မိတ်ဖက် မူဘောင်သစ်သည် ကမ္ဘာ့ဘဏ် အနေဖြင့် ထိုင်းနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲသော ဝင်ငွေမြင့် စီးပွားရေး အသွင်ပြောင်းရာ၌ အထောက်အကူ ပေးသွားမည့် လမ်းညွှန်မြေပုံ ဖြစ်သည်။ ကမ္ဘာ့ဘဏ်အုပ်စု၏ နေထိုင်ရာ မြေကမ္ဘာတခွင်ဝယ် အလွန်အမင်း ဆင်းရဲမှု ပပျောက်၍ လူမှုစီးပွားဘဝများ အတူတကွ တိုးတက်စေရေး မျှော်မှန်းချက်နှင့် အညီ အဆိုပါ မူဘောင်ကို ရေးဆွဲထားခြင်းဖြစ်သည်။

ကမ္ဘာ့ဘဏ်သည် မြန်မာနိုင်ငံနှင့် ပြည်သူများအား ဆက်လက်ကူညီသွားရန် ရည်မှန်းထားပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် ကမ္ဘာ့ဘဏ်၏ ပဋိပက္ခအခြေအနေများဆိုင်ရာ မဟာဗျူဟာနှင့် အညီ ဆက်လက် လုပ်ဆောင်သွားပါမည်။ ညွှန်ကြားရေးမှူး အသစ်၏ ဦးဆောင်မှုဖြင့် ကဏ္ဍ အလိုက် လေ့လာသုံးသပ်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပြီး အခြေခံလူတန်းစားများ၊ အားနည်းထိခိုက်လွယ်သူများအား ကူညီထောက်ပံ့မှုများအား ချဲ့ထွင်နိုင်မည့် မဟာဗျူဟာမြောက် လမ်းညွှန်မှုများ ပေးအပ်နိုင်ရေးကို ဦးစားပေးလုပ်ဆောင်သွားမည်။

*"ထိုင်းနိုင်ငံနဲ့ မြန်မာနိုင်ငံဆိုင်ရာ ဌာနေညွှန်ကြားရေးမှူးအဖြစ် တာဝန်ခန့်အပ်ခြင်း ခံရတဲ့အတွက် အင်မတန်ဂုဏ်ယူမိပါတယ်။ နှစ်နိုင်ငံလုံးက ပြည်သူများအနေနဲ့ ကိုဗစ် - ၁၉ ကပ်ရောဂါအလွန်ကာလမှာ ကြုံတွေ့နေရတဲ့ ခက်ခဲကြမ်းတမ်းတဲ့ အခင်းအကျင်း မှာ အတတ်နိုင်ဆုံး အကူအညီပေးနိုင်ဖို့ ကြိုးစားသွားမှာပါ"* ဟု ဂွတ်ဒ်က ပြောသည်။

ဂွဒ်သည် အမေရိကန်နိုင်ငံမှ ဖြစ်ပြီး ကမ္ဘာ့ဘဏ်သို့ ၂၀၀၅ ခုနှစ်တွင် စတင်ဝင်ရောက်၍ တောင်အာရှနိုင်ငံများဖြစ်သော အာဖဂန်နစ္စတန် နိုင်ငံ ဌာနေညွှန်ကြားရေးမှူး ၊ ပါကစ္စတန်နိုင်ငံ လုပ်ငန်းစီမံခန့်ခွဲရေး မန်နေဂျာ ရာထူးများအပါအဝင် အဆင့်မြင့်ရာထူးများစွာတွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ကမ္ဘာ့ဘဏ်သို့ မဝင်ရောက်ခင်က အာရှဖွံ့ဖြိုးရေးဘဏ် (Asian Development Bank) ဖိလစ်ပိုင် ၊ ဝါရှင်တန် ဒီစီ Millennium Challenge Corporation တို့တွင် တာဝန်ယူခဲ့သည်။ ထို့အပြင် နယူးယော့ခ် နှင့် စင်ကာပူနိုင်ငံများတွင် ပုဂ္ဂလိကစီးပွားရေးကဏ္ဍ ရှေ့နေအဖြစ် လုပ်ဆောင်ခဲ့သည်။ တောင်အာရှ ၊ အရှေ့အာရှ၊ အာရှအလယ်ပိုင်း ၊ ပစိဖိတ်ကျွန်းများ နှင့် မြောက်အမေရိကတို့တွင်လည်း တာဝန်ထမ်းဆောင်ခဲ့ဖူးသူ ဖြစ်သည်။

ကမ္ဘာ့ဘဏ်သည် ထိုင်းနိုင်ငံနှင့် ပညာရပ်အခြေပြု မိတ်ဖက်ပြုခြင်းသာမက နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များ အတွက် ခေတ်မီ အဆင့်မြင့် လေ့လာသုံးသပ်မှုများ ၊ အကြံညဏ်ပေးခြင်းများ လုပ်ဆောင်သွားမည်ဖြစ်သည်။ ဤသို့လုပ်ဆောင်ရာတွင် ပဋိပက္ခ ဖြစ်ပွားနေသော တောင်ပိုင်းပြည်နယ်များတွင် ကမ္ဘာ့ဘဏ်က လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ထိုင်းနိုင်ငံ၏ စီးပွားရေး အခင်းအကျင်းတိုးတက် စေရန် ကူညီပံ့ပိုးပေးခြင်း၊ ဘဏ္ဍာရေးနှင့် စီးပွားရေး စီမံခန့်ခွဲမှုများပိုမို ကောင်းမွန်စေရန် ကူညီပေးခြင်းများ ပါဝင်ပါမည်။ ဥတုရာသီ ဖောက်ပြန်ပြောင်းလဲခြင်း အန္တရာယ် ကြီးထွားလာသည် နှင့်အမျှ ထိုင်းနိုင်ငံ၏ သဘာဝဘေးဒဏ် ကြံ့ကြံ့ခံနိုင်ရေး နှင့် ရေအရင်းအမြစ်များ စီမံခန့်ခွဲရေး ကိစ္စများတွင် ပူးတွဲ လုပ်ဆောင်သွားပါမည်။ ထိုင်းနိုင်ငံ အစိုးရဌာနများနှင့် ပူးပေါင်း၍ နိုင်ငံ၏ ခေတ်မီမှုဝါဒများ အား လေ့လာသုံးသပ်ခြင်း၊ ပညာရေး အရည်အသွေးကောင်းမွန်စေရေး ၊ ဒုတိယအဆင့် မြို့ကြီးများတွင် ကြံ့ခိုင်မှုရှိသော မြို့ပြ အခြေခံ အဆောက်အအုံများ ဖော်ဆောင်ရေးတို့ကို လုပ်ဆောင်သွားပါမည်။

မြန်မာနိုင်ငံတွင် ကမ္ဘာ့ဘဏ်သည် အသေးစိတ် လေ့လာသုံးသပ် အစီရင်ခံစာများ ထုတ်ပြန်ခြင်းနှင့် မြေပြင်အချက်အလက် အခြေပြု အသိပညာဗဟုသုတများကို ကမ္ဘာ့ဘဏ်၏ မြန်မာနိုင်ငံဆိုင်ရာ လေ့လာမှု အသိပညာ ဝက်ဆိုက်စာမျက်နှာ မှတဆင့် ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေသွားပါမည်။ ထိုမျှသာမက ကမ္ဘာ့ဘဏ်သည် မြန်မာနိုင်ငံ ဒေသခံ လူမှု အသိုင်းအဝိုင်းများကို ပံ့ပိုးရေး စီမံကိန်း (Myanmar Community Support Project – MCSP) မှတဆင့် အကူအညီ ပေးသွားမည် ဖြစ်သည်။ ထိုစီမံကိန်းအား ပဋိပက္ခဒဏ်သင့် ဒေသများတွင် စားနပ်ရိက္ခာ ဖူလုံရေးနှင့် အသက်မွေး ဝမ်းကျောင်း လုပ်ငန်းများ တိုးပွားလာစေရန် ရည်သန်၍ MCSP ကို ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (WFP) နှင့် နိုင်ငံတကာ ကြက်ခြေနီကော်မတီ (ICRC) တို့က အကောင်အထည်ဖော် လုပ်ဆောင်နေကြပါသည်။

**ဆက်သွယ်ရန်**

ဘန်ကောက် - Kanitha Kongrukgreatiyos, 08-1846-1246 (LINE/Whatsapp), kanitha@worldbank.org

ရန်ကုန် - ကျော်စိုးလင်း ၊ 09-782789400, klynn@worldbank.org

For more information please visit: www.worldbank.org/myanmar
Visit us on Facebook: www.facebook.com/worldbankmyanmar

Press release no. 2025/001/EAP